AA နှင့် မြန်မာ့တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၂) ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလထိ

AA နှင့် မြန်မာတပ်မတော် တို့ ကြား တိုက်ပွဲများကြောင့် (၂၀၂၂) ခုနှစ်၊ မေလ (၅)ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်တွင် လူဦးရေ (၆၈၆၄၂) ကျော်သည် နေရပ်စွန့်ခွာနေရဆဲဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့များနှင့် လက်တွဲပူးပေါင်းကာ လူသားချင်းစာနာမှု လိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ခဲ့ပြီး သက်ရောက်မှုခံခဲ့ရသောလူထုအား ၎င်း၏ အထောက်အပံ့များကို ပံ့ပိုးထောက် ပံ့ခဲ့ပါသည်။(၂၀၂၂) ဇန်နဝါရီ မှ ဧပြီလထိ UNHCR သည် အိမ်ထောင်စု (၄၁၉၄) စုမှ သက်ရောက်မှုခံခဲ့ရသော လူဦးရေ (၁၇၉၄၄) ဦးခန့်ကို အစားအစာ မဟုတ်သည့် NFI, အမျိုးသမီးသုံး ပစ္စည်းနှင့် အရေးပေါ် ယာယီအမိုးအကာ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ဖော်ပြပါ အိမ်ထောင်စုနှင့် လူဦးရေများမှာ မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ဘူးသီးတောင် နှင့် ရသေ့တောင်မြို့နယ် များမှဖြစ်ပြီး ပစ္စည်းများ ထောက်ပံ့ရန်အပါအဝင် ထောက်ပံ့ပေးထားမှုကို လူကိုယ်တိုင်နှင့် အဝေးမှ (၈၈) ကြိမ်ခန့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ဆက်စပ်ကွင်းဆင်းမှု ၂၇ ကြိမ်ခန့် သွားရောက် လုပ်ဆောင်ခဲ့ပါသည်။

UNHCR နှင့် ယင်း၏မိတ်ဖက်အဖွဲ့အစည်းများအတွက် တစ်ချို့သော တိုက်ပွဲရှောင်စခန်းများ၊ အထူးသဖြင့် ဝေးလံကျေးလက်မှ စခန်းများကို လက်လှမ်းမီနိုင်မှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး COVID-19 ဖြစ်ပွားနေသည့်အခြေအနေကြောင့်လည်း ပိုမိုခက်ခဲနေသည်။

ထောက်ပံ့ခဲ့သည့် လူဦးရေ

17,944 ဦး

4,194 အိမ်ထောင်စု

ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း

53 ရခိုင်ပြည်နယ်ထဲရှိ ကူညီထောက်ပံ့ခဲ့သောနေရပ်စွန့်ခွာ စခန်း များ

(မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊မင်းပြား၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)

တစ်လချင်း ထောက်ပံ့နိုင်ခဲ့သည့် လူဦးရေ





NFI အထောက်အပံ့အဖြစ် 17,042 ဦးကို ၂၀၂၂ ခုနှစ်မှာထောက်ပံ့ခဲ့

- 18 ကလေးသုံးပစ္စည်း
- 305 CP ပစ္စည်းထုပ်
- 352 တစ်ကိုယ်ရေသုံးပစ္စည်း
- 9,496 မျက်နှာ၊ နှာခေါင်းစည်း
- 1,075 ဆိုလာမီးအိမ်
- 4,551 ခြုံစောင်
- 1,178 အဝတ်အစားထုပ်
- 2,150 သောက်ရေဗူး
- 3,247 ခြင်ထောင်
- 2,161 ရေပုံး
- 2,590 အိုးခွက် ပန်းကန်ထုပ်
- 1,956 အမျိုးသမီး သုံးပစ္စည်း
- 5,375 အခင်းဖျာ
- 1,019 အနွေးထည်

ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 3,982 ဦးကို ၂၀၂၂ ခုနှစ်မှာထောက်ပံ့ခဲ့

- 905 မိုးကာ(တာလပတ်စ)
- 7,486 သစ်၊ မျောတိုင်
- 13,139 နိုင်လွန်ကြိုး
- 94,150 ဝါး

ဤဇော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နိမိတ်အကျယ်အဝန်းများအမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမ္မဂ္ဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

UNHCR မြန်မာနှင့် နိုင်ငံတကာ ထောက်ပံ့ကူညီမှုများတွင် တစ်ချို့သော သတ်မှတ်ချက်များဖြင့် ပံ့ပိုးလှူဒါန်းသူများ၊ သတ်မှတ်ချက်မဲ့ပံ့ပိုးလှူဒါန်းသူများ အားလုံးကို UNHCR မှ များစွာ ကျေးဇူးတင်ရှိပါသည်။
ဩစတြေးလျ၊ ဘယ်လဂျီယံ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နော်ဝေး၊ ကိုးရီးယား သမ္မတနိုင်ငံ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ အမေရိကန် တို့နှင့်တကွ
ဩစတြေးလျ၊ အီတလီ၊ ဂျပန်၊ ကိုးရီးယား သမ္မတနိုင်ငံ၊ စပိန်နှင့် ဆွီဒင်တို့ရှိ သီးခြား အလှူရှင်များ။

မိတ်ဖက်အဖွဲ့များ
nRS : (ပူးပေါင်းအဖွဲ့) MI, UNICEF, UNFPA
cRS: IRC, IOM, LWF, PIN, RI